# ဉာဏ်သမားဦးကလိန်၏ ဓာတ်လမ်းများ

အောင်ပါလေ



## မာတိကာ


၁။ ဉာဏ်သမားဦးကလိန်နှင့် သတိလွတ်သော မင်းသားအမှု ၃
၂။ ဉာဏ်သမားဦးကလိန်က ဦးပေါကို လိမ်ပုံ ၁၅
၃။ ဉာဏ်သမားဦးကလိန်နှင့် ဦးပေါ၊ ဂျင်လိမ်ငဖား ၂၄
၄။ ဉာဏ်သမားကြီး ဖေဖေထွန်းအပေါ်၌ ခေါင်းတုံးပေါ် ထိပ်ကွက်ပုံ ၃၇
၅။ ဦးကလိန်က ကုလားမင်းသားအတွက် အပျိုရှာခန်း ၄၃
၆။ သူဌေးကြီးဦးပေါ ပစ္စည်းများ၍ ဦးကလိန် အကြံထုတ်ခန်း ၅၆
၇။ ဉာဏ်သမားဦးကလိန်၏ အရက်ပုလင်းခိုးသွားခန်း ၆၇
၈။ ဘိန်းဆီနှင့် ကိုကင်း ဖမ်းဆီးရာတွင် ဓားစာခံလုပ်ခန်း ၇၈
၉။ စိန်ခိုးမှုဓားစာခံ ဖြစ်ခန်း ၈၆
၁၀။ ဉာဏ်သမား ဦးကလိန် လက်ထိတ်ခတ်ခံရခန်း ၉၄
၁၁။ သူဌေးကြီးအမွေခံ လူစားသွင်းရန် ကြံစည်ခန်း ၁၀၅
၁၂။ ကုလားမင်းသား၏ နန်းစဉ် နဝရတ်မျက်ရှင်
အဆောင်ကောင်းကို ဦးကလိန် ရှာပေးခန်း ၁၁၅
၁၃။ ယောဂီရသေ့ယောင်ဆောင်ခန်း ၁၂၆
၁၄။ သူဌေးအမတ်ကြီးသားအတွက် လူစားသွင်းခန်း ၁၃၃
၁၅။ ရှမ်းမင်းသမီး ဘဏ္ဍာထိန်းခန်း ၁၄၂
၁၆။ မိဖုရားဥစ္စာသိုက်လိုက်ခန်း ၁၄၉
၁၇။ ဦးကလိန်နှင့် လူဆိုးအသင်း ၁၆၁
၁၈။ ကြောက်စရာအိမ် ၁၇၃
၁၉။ ဦးကလိန်နှင့် ဦးပေါ အမွေကိစ္စ ၁၈၆
၂၀။ ဦးကလိန် ကုလားမင်းသားအား ကယ်ဆယ်ခန်း ၁၉၄

၂၁။ ဦးကာလိန်နှင့် တောရှာခြံမြေ ၂၀၃
၂၂။ ဦးကာလိန်နှင့် မှော်ဆရာလင်မယား ၂၁၁
၂၃။ ဦးကာလိန်နှင့် နန်းစဉ်မင်္ဂလာနဲ့ ၂၂၁
၂၄။ ဦးကာလိန်နှင့် အားလပ်ခွင့်ကိစ္စ ၂၃၄
၂၅။ ဦးကာလိန်နှင့် ခန္ဓာအိမ် ၂၄၅
၂၆။ ဦးကာလိန်နှင့် စိတ်ညို့သမား ၂၅၅
၂၇။ ဦးကာလိန်နှင့် မြင်းလိမ် ၂၆၆
၂၈။ ဦးကာလိန်နှင့် ရတနာတိုက်အိမ် ၂၇၉
၂၉။ ဦးကာလိန်နှင့် တောင်ဝှေးဆရာ ၂၉၁
၃၀။ ဦးကာလိန်နှင့် ယောက်ျားမိန်းကလေး ၃၀၁
၃၁။ ဦးကာလိန်နှင့် အကောက်ကြံပေါက် ၃၀၈
၃၂။ ဦးကာလိန်နှင့် သူဌေးအိမ်တွင်းသူခိုးကြီး ၃၁၈
၃၃။ ဦးကာလိန် အကောက်ပေါက်တိုးမိပုံ ၃၂၆

❒

၁၉၃၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော "ရယ်ရွှင်ဖွယ်ဂျာနယ်" များတွင် အပတ်စဉ် ဖော်ပြခဲ့သော စာရေးသူ "အောင်ပါလေ" ၏ "ဉာဏ်သမား ဦးကလိန်" ဇာတ်လမ်းတွဲများကို လက်လှမ်းမှီသမျှ စုဆောင်းယူလျက် စီစဉ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

(စိတ်ကူးချိုချို)

❐



## ဉာဏ်သမား ဦးကာလိန်နှင့် သတိလွတ်သော ကုလားမင်းသား ဖြစ်ပျက်ပုံဝတ္ထု

ရန်ကုန်မြို့၊ ဆူးလေဘုရားထောင့်တွင် ပန်ချာပီကုလား မြင့်မြင့်ဝဝကြီး တစ်ယောက်သည် ရာဘာပူဖောင်းများကို ကြိုးနှင့်ဆွဲလျက်(ပူဖောင်း ပူဖောင်း) တစ်လုံးနှစ်ပြား ဝယ်ကြမလားဟု ဟစ်အော်လမ်းလျှောက် ရောင်းလေသည်။ ထိုသို့ ဟစ်အော်သော်လည်း ထိုသူ၏မျက်စိသည် လမ်းဘေးရှိတိုက်ဆိုင်အပေါ် ထပ်ကိုလည်းကောင်း၊ ပြတင်းပေါက်များကိုလည်းကောင်း လှစ်ခနဲ လှစ်ခနဲ မော့မော့ကြည့်ရှုလေ၏။ ထိုပန်ချာပီကုလားကြီးသည် စင်စစ်သော်ကား ဉာဏ် သမားဦးကာလိန်ဖြစ်၏။ ဦးကာလိန်သည် ထိုဆိုင်ကြီးတစ်ခု၏ ပြတင်းပေါက် တံခါးများကို ရပ်၍ကြည့်နေစဉ် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး ပါးမုန်းမွေးအနည်း ငယ်၊ နှုတ်ခမ်းမွေးသက်သက်၊ အလွန်သားနားစွာဝတ်ဆင်ထားသော ကုလား တစ်ယောက်သည် လက်ဟန် ခြေဟန်နှင့် (ငွေတစ်သိန်း နှစ်သိန်း လေးသိန်း ငါးသိန်း အများကြီး အပုံကြီး မျက်ခုံးသေးကလေး၊ မျက်နှာသွယ်ကလေး ချစ် စရာမိန်းကလေး လှလိုက်တာ၊ ချောလိုက်တာ၊ ငွေတစ်သိန်း၊ နှစ်သိန်း အပုံကြီး အများကြီး)ဤသို့ တီးတိုး တတွတ်တွတ် ရွတ်ဆိုလျက် လမ်းလျှောက်သွား သည်ကို ဦးကာလိန်ကမြင်သော် ထိုသူ စိတ်မနှံ့၍လော၊ သတိလွတ်၍လော စဉ်း စားလျက် ခပ်သုတ်သုတ် နောက်ကလိုက်ပြီးလျှင် ပခုံးကိုတို့ကာ “မိတ်ဆွေ မိန်းကလေးကို လိုချင်သလား၊ ပီယဆေးလက်ဖွဲ့ကောင်းကောင်းရှိတယ်” လိမ် တော့မည်အကြံနှင့်ပြော၏။ သားနားစွာ ဝတ်ဆင်ထားသောကုလားက ဦး ကာလိန်ကို ချိုပြုံ့ပြုံ့လုပ်လျက် လှည့်ကြည့်ပြီးသော် ကုလားစကားဖြင့် သွက် သွက်လက်လက် မြန်မြန်ဆန်ဆန် ပြော၏။ ဦးကာလိန်က ခေါင်းခါပြီးလျှင်

ကျုပ် ကုလားစကားမတတ်ဘူး၊ ဗမာလိုမတတ်ရင် အင်္ဂလိပ်လိုပြောပါဟု ပြန်ပြော၏။ ထိုကုလားက အင်္ဂလိပ်စကား ပီပီသသနှင့် ချိုပြုံးစွာ မျက်နှာထား၍ ကျွန်တော် ဘယ်သူပါလဲ၊ ကျွန်တော့်နာမည် ဘယ်သူလဲဟု ခင်ဗျားက ပြောနိုင်လျှင် ကျွန်တော် အင်မတန် ကျေးဇူးတင်ပါ့မယ်ဟု ဆို၏။

လိန်။ ။(အလွန်အံ့သြလျက်) "ဟင် ဘယ့်နှယ် ခင်ဗျားနာမည်ကိုမှ ခင်ဗျား မသိဘူးလား"

လား။ ။"နာမည်ရော နေရပ်ရော မေ့သွားလို့"

ဦးကလိန်က ကုလား၏မျက်နှာကို သေသေချာချာကြည့်ပြီးမှ ကုလားလက်တွင်ဝတ်ထားသော စိန်လက်စွပ်ကြီးသည် ရတီသုံးဆယ်ထက်မနည်းသည်ကိုလည်းကောင်း၊ ဝတ်ဆင်သောအထည်များမှာလည်း အဖိုးအလွန် ထိုက်တန်သည်ကိုလည်းကောင်း သိရသဖြင့် ထိုကုလားသည် လူကုံထံသူဌေးလျှင်လည်းဖြစ်ရမည်။ ကုလားမင်းသားလျှင်လည်း ဖြစ်ရမည်ဟု အောက်မေ့လျက် ဒီတစ်ခါ အကောင်တွေ့ပြန်ပဟဲ့ မောင်ကလိန်ရဲ့၊ ကလိုဟာ ဒီနိုင်ငံမှာ ရှားသားပဲဟု ...

လိန်။ ။"အို ... ဒီလိုလား၊ ခင်ဗျားနာမည်ကိုတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်ဟာ စုံထောက်ကြီးတစ်ယောက်ပဲ၊ ခင်ဗျားကိစ္စကို ပေါ်အောင်စစ်ဆေးပေးမယ် စိတ်ချပါ"

လား။ ။"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

လိန်။ ။"ကိုင်း ... ဒါဖြင့် လာလိုက်ခဲ့၊ ကျွန်တော့်အိမ်မှာ အဝတ်လဲပြီး နေ့လယ်စာကလေး စားကြဦးမယ်၊ နောက်ပြီးမှ စုံထောက်ထွက်မယ်"

လား။ ။"ကောင်းပါတယ်၊ လိုက်ပါ့မယ်"

လိန်။ ။"အို ...ဘာလဲ၊ ဒီငွေတစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်းဆိုတာ ခင်ဗျား ပြောတာ ကြားရပါတယ်"

လား။ ။"ငွေတစ်သိန်း နှစ်သိန်းဆိုတာ ငွေရိုးရိုးပါပဲ။ ငွေဆယ်သောင်းဟာ တစ်သိန်းပေါ့"

လိန်။ ။"အို ဒီလိုကိုး၊ ပီယဆေးလက်ဖွဲ့လိုချင်သလား၊ ဆရာကြီးကောင်းကောင်းတစ်ယောက်ရှိတယ်၊ ကျွန်တော် ခေါ်ပေးမယ်"

လား။ ။"(နဖူးကို လက်နှင့်ပွတ်သက်လျက် အတန်ကြာစဉ်းစားပြီးလျှင်) မပြောတတ်ဘူး"

လိန်။ ။"ဟာ ... ခင်ဗျား ဆေးမိနေပြီ၊ ဒါကြောင့် သတိလစ်နေတာ၊ ခင်ဗျားမှာ

ကော ဒီကိစ္စကို စုံထောက်ဖို့ ငွေများများရှိရဲ့လား"

လား။ ။"ငွေဆိုတာတော့ အများကြီးရှိပါတယ်။ (အိတ်ထဲက လက်တစ်ဆုပ် အပြည့် ရွှေဒင်္ဂါး၊ ငွေသား မူးစေ့ မတ်စေ့များ ထုတ်ပြလေ၏"

လိန်။ ။"အင်း ... နေရာကျပြီ၊ ခင်ဗျားရန်ကုန်ကိုရောက်တာ တော်တော် ကြာပြီလား"

လား။ ။(ခေါင်းခါလျက်) "သတိမရဘူး၊ ဘာဆိုဘာမှ သတိမရဘူး"

လိန်။ ။နို့ ငွေဘယ်မှာရှိတယ်လို့တော့ ခင်ဗျားသတိမထားမိဘဲ ရှိမလား၊ ဒီ ငွေနဲ့ မလောက်ရင် နောက်ထပ် ငွေ လိုကောင်း လိုလိမ့်မယ်။

လား ။ ။"(ခေါင်းခါပြန်၍) မသိဘူး"

လိန်။ ။(ကုလားကို စူးစိုက်ကြည့်ပြီးလျှင်) "နေ့လယ်စာစားဖို့ကော ဘယ့်နှယ် လဲ၊ ဆူးလေဘုရားလမ်းထောင့်က စီဘွိုင်ဟိုတယ်မှာ အစားအသောက်ကောင်း ကောင်း ကျွေးတယ်၊ ဟိုမှာ သွားစားကြစို့"

လား။ ။"သဘောတူပါတယ်"

ဦးကလိန်၏ အခန်းသို့သွားပြီးလျှင် ဦးကလိန်သည် ရေချိုး အဝတ် အစားလဲပြီးမှ စီဘွိုင်ဟိုတယ်သို့ နေ့လယ်စာစားရန် သွားကြလေ၏။ နေ့လယ် စာစားပြီးမှ ဆေးလိပ်သောက်နေကြရာ အခန်းတစ်ခုက အသံတစ်ခုသည် ဘွိုင် ကုလားကို မြည်တွန်တောက်တီးသံကြားရ၏။ ထိုအသံသည် လူဆိုး(မိုက်ခဲ) ၏အသံဖြစ်ကြောင်း ဦးကလိန်ကသိ၏။ ထို(မိုက်ခဲ)သည် မိန်းမလူစွမ်းကောင်း မဂျမ်းမေ၏နောက်လိုက်၊ လူပျိုတပည့်ဖြစ်၏။ ဦးကလိန်နှင့် ခဏခဏ လူစွမ်း ဉာဏ်စွမ်း ပြိုင်ခဲ့ရဖူး၏။ မိုက်ခဲသည် လူကိုရိုက်ပုတ်သတ်ဖြတ်ရာ၌ အလွန်ကျွမ်း ကျင်သော လူတစ်ယောက်ဖြစ်၏။ သို့နှင့် အမှတ်တမဲ့ မိုက်ခဲ၏အခန်းကို ချောင်း မြောင်းကြည့်ရာ မိုက်ခဲသည် သူ၏အဖော် လူဆိုး ငမိုးနှင့် နေ့လယ်စာ စား နေကြောင်းကို မြင်ရ၏။ ငမိုးသည်လည်း မဂျမ်းမေ၏ တပည့်အရင်းတစ် ယောက်ဖြစ်၏။ ဦးကလိန်သည် ထိုသူတို့ကိုမြင်လျှင် နေ့လယ်စာစားခနှင့် ဘွိုင် ကုလားကို ဘောက်ဆူးပေးခဲ့ပြီးလျှင် အဖော်ကုလားနှင့် ခပ်သုတ်သုတ်ထသွား ၏။ မိုက်ခဲက ဦးကလိန်နှင့် ကုလား ထသွားသည်ကိုမြင်လိုက်သော် (ဟင် ဟောဟိုမှာ တို့ကုလားမင်းသားပါကလား) ဟု ဟစ်အော်လိုက်၏။ ဦးကလိန် သည် ထိုအသံကိုကြားသော် ဟိုတယ်တံခါးဝသို့ထွက်၍ တံခါးရှက်အကွယ်မှ (သီးခြားအခန်း)ဟု စာကပ်ထားသောအခန်းထဲသို့ အဖော်ကုလားကို ဆွဲ၍ ခပ် သုတ်သုတ်ဝင်သွား ပုန်းကွယ်နေလေ၏။ မိုက်ခဲနှင့် ငမိုးတို့သည် တံခါးဝသို့

ခပ်သုတ်သုတ်လိုက်လာပြီးလျှင် ကုလားမင်းသားကိုရှာသော် မမြင်သဖြင့်

"ဟင် ဘယ် ဘယ်ပျောက်သွားသလဲ၊ သူနဲ့ပါတဲ့လူကော ဘယ်သူလဲ၊ ကုလားမင်းသား လစ်မပြေးနိုင်အောင် သေသေချာချာ အခန်းထဲမှာထားခဲ့တာ၊ ဘယ်လိုလစ်သွားပြီး ဒီလူက ခေါ်သွားလဲမသိဘူး၊ တွေ့အောင်ရှာမှပဲ … လာ ဟော့ ငမိုး မြန်မြန်ရှာမှ မဟုတ်ရင် တို့ဆရာမကြီးက ကြိမ်းလိမ့်မယ်"

ဤသို့ဆို၍ မိုက်ခဲနှင့် ငမိုး ဟိုတယ်က ထွက်သွားလေ၏။ ဦးကလိန်သည် အဖော်ကုလားကိုခေါ်၍ တိမ်းရှောင်ထွက်သွားမည်ပြုသောအခါ ငမိုးနှင့် မိုက်ခဲတို့သည် ရှာရာကပြန်အလာ ဦးကလိန်နှင့် ဟိုတယ်တံခါးဝတွင် ပက်ပင်းပါ တွေ့ကြသော် မိုက်ခဲနှင့် ငမိုးတို့မှာ အံ့အားသင့်နေကြလေ၏။

လိန်။ ။ "မင်းတို့ စကားတစ်ခု လက်ညှိုးတစ်ချောင်း ငါ့မိတ်ဆွေအပေါ်မှာ ပြောလို့ထိလို့ရှိလျှင် အင်စပက်တော် ကိုကျော့မှူးကို သတ်မှုနှင့် မင်းတို့ကို ငါ ဂါတ်မှာအအပ်ပဲ" တီးတိုးပြောလိုက်ရာ မိုက်ခဲ၊ ငမိုးတို့သည် ပါးစပ်ဟောင်းလောင်းနှင့် ဦးကလိန်ကို ငေးကြည့်လျက် တိမ်းရှောင်ထွက်သွားကြလေ၏။

ဦးကလိန်တို့သည် တက္ကစီတစ်ခုငှား၍ စီးသွားကြလေ၏။ ထိုသူတို့ သွား၍ ကိုက် ၃၊ ၄ ရာလောက်အရောက်တွင် မိုက်ခဲငမိုးတို့ စီးလာသော အခြားတက္ကစီတစ်ခု ဦးကလိန်တို့တက္ကစီကိုကျော်၍ မောင်းသွားသည်ကို တွေ့ရသောအခါ ဦးကလိန်က တက္ကစီဒရိုင်ဘာအား လမ်းခွဲတစ်ခုသို့ ကွေ့၍မောင်းသွားရန်ခိုင်းပြီးလျှင် မိမိအိမ်သို့မသွားဘဲ အခြားတစ်နေရာသို့ သွားလေ၏။ အဖော်ပါလာသူ ကုလားအား ဦးကလိန်က ဘယ်အတွက်ကြောင့် မိုက်ခဲငမိုးတို့ ဤကုလားကို အလိုရှိကြောင်းမေးရာ အဖော်ကုလားက အဘယ်ကြောင့် သူတို့အလိုရှိသည်ဟု မသိကြောင်း၊ သူတို့နှင့် သိဖူး မြင်ဖူးသည်ဟူ၍လည်း သတိမရကြောင်း ပြော၏။

လိန်။ ။ "နို့ သူတို့က ခင်ဗျားကို မင်းသားလို့ဆိုပါကလား"

လား။ ။ "ကျွန်တော် မင်းသားမဟုတ်သလား၊ ဟုတ်သလားတော့ မဆိုနိုင်ဘူး၊ ဘာကိုမှ မမှတ်မိဘူး"

ဦးကလိန်သည် ရုပ်ပြောင်းရုပ်လွှဲရန် မိမိနေအိမ်မှအပ ငှားထားသော အခန်းတစ်ခုရှိသည့် တိုက်တန်းလျားကြီးရှေ့သို့ရောက်၍ တက္ကစီကို အရပ်ခိုင်းပြီးလျှင် တက္ကစီဒရိုင်ဘာအား "ဒီလမ်းအတိုင်း လျှောက်မောင်း၊ ရှေ့က လမ်းချိုးကိုရောက်သောအခါ လက်ဝဲဘက်လမ်းချိုးသို့ မောင်း၊ နောက်တစ်ခါ လမ်းချိုးကိုတွေ့သောအခါ လက်ဝဲဘက်လမ်းချိုးကိုမောင်း၍ ကိုက် ၅၀ လောက်မှာ ရပ်

နေ၊ ဒီအိမ်နောက်ဖေးပဲ၊ ဟိုမှာ စောင့်နေ။ ငါလာခဲ့မယ်" ပြောဆို၍ ဒရိုင်ဘာအား လွှတ်လိုက်လေ၏။ ဦးကာလိန်ပြောသည့်အတိုင်း တက္ကစီရောက်လာသည်နှင့်တစ်ပြိုင်နက် ဦးကာလိန်နှင့် ကုလားသည် တက္ကစီပေါ်သို့တက်၍ မောင်းသွားကြလေ၏။ လူဆိုးငမိုး၊ မိုက်ခဲတို့ပါလာသော တက္ကစီသည် ဦးကာလိန်ဝင်သွားသော အိမ်ရှေ့တွင် စောင့်ကျန်ရစ်ခဲ့လေ၏။ တက္ကစီနောက်မှန်ပေါက်က ငမိုးတို့စောင့်နေသောတက္ကစီကိုချောင်းကြည့်လျက် "အင်း လူလိမ္မာတွေကဖြင့် ငါထွက်လာအောင် စောင့်နေကြတော့တာပဲ ဟီးဟီး" ဟုဆို၍ မိမိနေရင်းအိမ်သို့ ဆက်လက်မောင်းနှင်သွားကြလေ၏။ သို့ရာတွင် ဦးကာလိန်တို့စီးသော တက္ကစီမောင်းသမားကို ငမိုးတို့စီးသော တက္ကစီမောင်းသမားကသိကြောင်း၊ ထိုတက္ကစီမောင်းသမားက စပ်သွယ်၍ ဦးကာလိန်စီးသော တက္ကစီမောင်းသမားကိုမေးလျှင် ဦးကာလိန်တို့ကို နောက်ဆုံးဘယ်အိမ်မှာ ပို့ခဲ့ရသည်ဟု ပြောပြလိမ့်မည့်အကြောင်း ဦးကာလိန်က မစဉ်းစားမိခြင်းမှာ ဦးကာလိန်၏ သတိချွတ်ယွင်းချက်ပင်တည်း။

ဦးကာလိန်သည် ကုလားအဖော်နှင့် မိမိအိမ်ပေါ်သို့တက်မည်အပြုမှာ (သတင်းစာအချပ်ပို အထူးသတင်း၊ အလွန်ကြွယ်ဝသော မဟာရာဇာကုလားမင်းသားတစ်ယောက် ပျောက်ဆုံးကြောင်း သတင်းပေးနိုင်သောသူ) ဆုငွေရလိမ့်မည်ဟု သတင်းစာအော်ဟစ်ရောင်းနေသော သူ၏ထံမှ သတင်းစာကို အမြန်ဝယ်၍ အိမ်ပေါ်သို့တက်သွား၏။ အိမ်ပေါ်တွင် အကောင်းဆုံးကုလားထိုင်မှာ ကုလားကိုထိုင်စေလျက် ဝိုင်အရက်ကောင်းကောင်းတစ်ခွက်နှင့် ကော်ဖီတစ်ပန်းကန်ပေးပြီးလျှင် ထိုကုလားအား

လိန်။ ။ "ဒီအိမ်မှာ ခင်ဗျား စိတ်ချနေပါ။ ဘယ်သူမှ ခင်ဗျားကို လက်ဖျားနှင့်မတို့စေပါဘူး၊ ကော်ဖီနှင့် ဝိုင်အရက်ကို သောက်ပါဦး"

အဖော်ကုလားနှင့် ဦးကာလိန်တို့ ရှေ့ဆိုင်ထိုင်ပြီးလျှင် ကော်ဖီနှင့် ဝိုင်အရက်ကို သောက်ကြ၏။

လိန်။ ။ "ကဲ ... ခင်ဗျား သတိလစ်တဲ့အချက်ကို စုံစမ်းရအောင်။ စီဘွိုင်ဟိုတယ်မှာ နေ့လယ်စာ စားကြတာကို မှတ်မိရဲ့လား"

လား။ ။ "ဟိုတယ်မှာ နေ့လယ်စာစားတယ်၊ ဘယ်ဟိုတယ်လဲ၊ ဘယ်တုံးကစားသလဲ ... သတိမရပါ"

အံသြသောမျက်နှာထားနှင့်ပြန်မေး၏။ ဦးကာလိန်က တစ်ဖန် ကုလား၏ သတိလစ် မလစ်ကို စမ်းလို၍

လိန်။ ။ "တက္ကစီနှင့် စီးလာတာကော မှတ်မိရဲ့လား"

လား။ ။ (သာ၍အံ့သြသောအမူအရာနှင့်) "ဘယ်တက္ကစီ စီးလို့လဲ၊ မမှတ်မိပါကလား"
လိန်။ ။ "နို့ ... အခု ဒီအိမ်မှာ ကော်ဖီနှင့် ဝိုင် သောက်ထားတာကော မှတ်မိရဲ့လား"
လား။ ။ "မမှတ်မိဘူး၊ ဝိုင်၊ ကလပ်နှင့် ကော်ဖီပန်းကန် အလွတ်ကိုတော့ မြင်ပါရဲ့၊ ဘယ်သူသောက်သွားမှန်းမသိဘူး"
လိန်။ ။ "အင်း ... ဒီစိန်လက်စွပ်ကြီးကို ခင်ဗျားဝတ်ထားလို့ နေရာမကျဘူး၊ အဘိုး ၄-၅ ထောင်တော့ အနည်းဆုံးတန်တယ်၊ လူတစ်ယောက်ယောက် ချွတ်ယူထားလိုက်ရင် ခင်ဗျား သိမှာဟုတ်ဘူး၊ ကျွန်တော် သိမ်းထားမယ်ပေး"

ကုလားက လက်စွပ်ချွတ်ပေးလေ၏။

လိန်။ ။ "ကိုင်း ခု ခင်ဗျားလက်စွပ်ဘယ်မှာလဲ"
လား။ ။ "ဘယ်လက်စွပ်လဲ ကျုပ် သတိမရပါကလား"
လိန်။ ။ "ခင်ဗျားအကြောင်းနဲ့ပတ်သက်လို့ ဒီသတင်းစာမှာပါသလား။ ဖတ်ကြည့်ရအောင် (သတင်းစာတွင် အိန္ဒိယနယ်၊ ကုလားမင်းသား မဟာရာဇာတစ်ယောက် ပျောက်ကွယ်လျက်ရှိရာ ထိုမင်းသားသည် လူပိန်ပိန်မြင့်မြင့်၊ အသားဖြူဖြူ နှုတ်ခမ်းမွေးကျင်စွယ်၊ ပါးမုန်းမွေးအနည်းငယ်ရှိသည်။ ထိုမင်းသားကို တွေ့ရအောင် သတင်းပေးသူအား ဆုငွေ(၁၀၀၀၀) တစ်သောင်းပေးမည်။) ဟု ကြော်ငြာတွင်ပါ၏။ အခုသတင်းစာမှာပါတဲ့ မင်းသားကို ခင်ဗျားသိရဲ့လား"

ကုလားမင်းသားက မည်သို့မျှပြန်မဖြေ၍ သတင်းစာမှမော်ကြည့်လိုက်သော် ကုလားမင်းသားသည် ခေါင်းငိုက်စိုက်နှင့် အိပ်ပျော်နေကြောင်းကို မြင်ရ၏။ ထိုမင်းသားကို အသာအယာပွေ့ချီလျက် မိမိအပ်ရာပေါ်သို့ တင်သိပ်ပြီးလျှင် လက်ကသွေးကို စမ်းကြည့်ပြီး သွေးအလာအလာ မှန်ကြောင်း၊ ရိုးရိုးမောပန်း၍ အိပ်ပျော်ကြောင်းကို သိရ၏။

ဦးကလိန်သည် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်၍ ဆေးလိပ်မီးညှိ သောက်ရှုပြီးလျှင် "ဒီကုလားဟာ မဟာရာဇာမင်းသား ဧကန်ဖြစ်ရင်တော့ကာငွေ့မှာ ဆုငွေအများကြီးရမယ်၊ ကုလားမင်းသားမဟုတ်ရင်ဖြင့် ဆုငွေနည်းနည်းပဲရမယ်၊ သို့ပေမယ်လို့ သူ့လက်စွပ်ကြီးဟာ ငွေခြောက်ထောင်၊ ခုနစ်ထောင်တော့ အနည်းဆုံးပဲ။ အဲဒီ စိန်လက်စွပ်ဟာ သူ့ကို အစာကျွေးပြီး ထိန်းသိမ်းကြည့်ရှုရတဲ့အခနဲ့ ငါပိုင်ပြီ၊ ကြော်ငြာမှာပါတဲ့ ကုလားမင်းသားဟာ သူပဲလား၊ တခြားလူပဲလား စုံစမ်းဖို့ရှိသေးတယ်"ဤသို့ စဉ်းစားရင်း ပီတိဖြစ်နေခိုက်မှာ

အိမ်ရှေ့တံခါးခေါက်သံကို ကြားရ၏။ ဦးကလိန်၏တပည့် လူယုံတရုတ် ဆင်ဆောင်က အိမ်ရှေ့တံခါးသို့သွားကြည့်ပြီးလျှင်–

ဆောင်။ ။ "လူနှစ်ယောက် လာတယ်၊ သိပ်စိတ်ဆိုးတာပဲ ...ဆရာ့ကိုမေးတယ်၊ ဆရာ အတွေ့ခံမလား"

လိန်။ ။ "အတွေ့ခံမယ် လွှတ်လိုက်"

လူနှစ်ယောက်တို့ ဝင်လာသောအခါ ၎င်းတို့ညာဘက် လက်များသည် လက်ယာဘက်အင်္ကျီအိတ်သို့ နှိုက်လျက်၊ ထိုအိတ်များတွင် တစ်ခုခုကို လူမမြင်အောင် ကိုင်ထားကြောင်းသိရ၏။

လိန်။ ။ "မင်းတို့ ငါ့ကိုတွေ့အောင် ရှာလာမယ်ဆိုတာ ငါ ရိပ်မိပါရဲ့"

မိုး။ ။ "ကျုပ်တို့ ဘာကြောင့်လာတယ်ဆိုတာသိလျှင် ခင်ဗျား ဘယ်လိုသဘောထားသလဲ"

ဦးကလိန်သည် ရယ်လျက် "အေးလကွယ် ... ခဏနေပါဦး" ဆို၍ 'ဆင်ဆောင်' ဟုခေါ်လိုက်၏။

မိုက်ခဲ။ ။ "ခင်ဗျားဉာဏ်ကိုသိတယ်၊ ခင်ဗျား တရုတ်ကိုလည်း ကျုပ်တို့ မကြောက်ဘူး၊ ပါးမုန်းမွေးနဲ့ ကုလားကို ပေးမလား၊ ကုလားကို လိုချင်တယ်"

မိုး။ ။ "နေပါဦးကွ မိုက်ခဲရဲ့၊ ကလိန်ကြီးနဲ့ ငါ စကားပြောပါရစေဦး"

ဤသို့ ပြောဆိုလိုက်သည်နှင့်တစ်ပြိုင်နက် တရုတ် ဆင်ဆောင်နှင့် လူဝဝ ခိုင်ခိုင်ကြီးတစ်ယောက် တံခါးဝသို့လျှောက်လာလေ၏။

လိန်။ ။ "ဟေ့ ဘိုးဝ၊ ဒီအကောင်နှစ်ကောင်ဟာ ငါ့ကို အနုကြမ်းစီးဖို့လာတဲ့ အကောင်နှစ်ကောင်လို့ ငါထင်တယ်၊ ပုလိပ် ခရာမှုတ်ပြီး ပုလိပ်ခေါ်လိုက်စမ်း။ ဟေ့ မိုက်ခဲ၊ ငမိုး မင်းတို့ ဘယ်မှမပြေးကြနှင့်၊ လက်ထောင်လိုက်"

ဦးကလိန်၏လက်တွင် ခြောက်လုံးပြူးသေနတ်သည် မိုက်ခဲ၊ ငမိုးတို့ကို ချိန်ရွယ်လျက်ရှိလေ၏။

ဝ။ ။ "ဟေ့လူ မင်းတို့ အေးအေးချမ်းချမ်း ထွက်သွားမလား၊ အရိုက်အနှက်ခံပြီးမှ ဂါတ်ကိုရောက်ချင်သလား"

ငမိုးနှင့် မိုက်ခဲတို့သည် လက်သီးဆုပ်ကာ၊ မျက်မှောင်ကုတ်ကာ ဦးကလိန်သို့ ဒေါသနှင့်ကြည့်၍ ထွက်သွားကြလေ၏။

ဦးကလိန်က ရယ်လျက် အိတ်ထဲမှ ငွေ ၅ ထုတ်ပြီးလျှင် ဘိုးဝနှင့် ဆင်ဆောင်အားပေးလျက် "သွား မုန့်ဝယ်စားချေကြ" ဟု ဆို၍ အိမ်ပေါ်သို့တက်သွားလေ၏။ တစ်နာရီလောက်ကြာလျှင် ဆင်ဆောင်က ပြန်၍ လုလုမိန်းမ

တစ်ယောက် ဦးကလိန်နှင့်တွေ့ချင်သည်ဟုပြောကြောင်း၊ ဦးကလိန် အိပ်ပျော် နေ၍ မတွေ့နိုင်ဘူးဟု ဆင်ဆောင်က ပြန်ပြောရာ နှိုးပေးရမည်ဟု အတင်းခိုင်း သဖြင့် လာ၍ပြောရကြောင်းဆိုရာ ထိုမိန်းမကို အိမ်ပေါ်သို့လွှတ်လိုက်ရာ အခွင့် ပြုလိုက်၏။ မိန်းမသည်လည်း တက်လာလေ၏။

လိန်။ ။ "မိုက်ခဲ၊ ငမိုးတို့လက်လွှတ် ပြန်သွားကတည်းက မဂျမ်းမေလာမယ် ဆိုတာသိတယ်၊ ကဲ ဟိုကုလားထိုင်မှာ ထိုင်ဦးလေ၊ စကားပြောရအောင်"

ဂျမ်း။ ။ "ဒီလို အဖြန်းအသန်းထားလိုက်ပါဦး၊ ရှင့်အစွမ်းနဲ့ ကျုပ်အစွမ်း ဒီတစ်ခါ ပြိုင်ရလိမ့်မယ်"

လိန်။ ။ "အစွမ်းပြိုင်ဖို့ထားပါဦး၊ ခဏသည်းခံပါ" စားပွဲမှ ခေါက်ခလုတ်ကို နှိပ်လိုက်ရာ ဆင်ဆောင်သည် အခန်းဝသို့ရောက်လာသည်နှင့် "ဟေ့ ဆင်ဆောင် လှေခါးဝကစောင့်ဖို့ ဘိုးဝကိုပြောလိုက်၊ မင်းက နောက်ဖေးတံခါးဝကနေ ငါ ကိုယ်တိုင်မပါလျှင် ဘယ်သူ့ကိုမှ အိမ်ထဲကအပြင်ကို မထွက်စေနဲ့၊ နားလည် ပြီမဟုတ်လား ... ကိုင်း ... သွားတော့"

"ကိုင်း ... ခင်ဂျမ်းမေ သတ္တိချင်းပြိုင်ချင်သလား၊ ပညာဉာဏ်ချင်း ပြိုင်ချင်သလား၊ သေနတ်အပစ်ချင်း ပြိုင်ချင်သလား၊ ကြိုက်ရာနှင့် ပြိုင်မယ်"

ဂျမ်း။ ။ (နှာခေါင်းရှုံ့၍ မခန့်မညား မဲ့ရွဲ့လျက်) "ရှင့်ဉာဏ်ကို ဂျမ်းသိတယ်၊ ကြောက်စိတ်နဲ့ ရှင့်ဝမ်းထဲက အသည်းရော၊ နှလုံးရော၊ ကလီစာတစ်ပြုံလုံး ပြုတ်ကျအောင် ရင်တုန်မနေစမ်းပါနဲ့၊ ရှင့်ကို ဂျမ်းက ဘာမှ အကြမ်းဗလက္ကာရ လုပ်မှာ မဟုတ်ပါဘူး"

လိန်။ ။ စမ်းဝံ့ရင် စမ်းတာပေါ့၊ အမြန်စမ်းဖို့ ဘာလိုချင်သလဲ ဖွင့်ပြောလိုက်ပါ။

ဂျမ်း။ ။ "ကုလားကို လိုချင်တယ်"

လိန်။ ။ "မရနိုင်တာကို လိုချင်တာလောက် ဆိုးဝါးတဲ့ကုသိုလ်ထက် ဖျင်းတဲ့ ကုသိုလ်မရှိဘူး၊ မဂျမ်းကို သနားတယ်"

ဂျမ်း။ ။ "ဒီကုလားဟာ ဂျမ်းရဲ့ကုလား။ ဂျမ်းလက်ထဲက ဒီကုလားကို ဝင်လု ယူသွားတာများ အံ့သြပါရဲ့၊ ကိုယ့်လမ်းနဲ့ကိုယ်သွားကြတာ၊ ဘာကြောင့် ဝင်ပြီး စွာရတာလဲ"

လိန်။ ။ (ပြုံးလျက်) "အို ... ဒီလိုကိုး၊ အရင့်ရင်တုံးကတော့ မဂျမ်းမေဆိုလျှင် အသေအလဲကြောက်မိတယ်၊ အခုတော့ကော မဂျမ်းမေရဲ့အစွမ်းကို သိရလို့ သမီး အထွေးဆုံးကလေး အကြမ်းဆုံးလောက်ပဲ သဘောထားတော့တယ်"

"မဂျမ်းမေဟာ သေနတ်ပစ်များ တယ်မြန်တယ်လို့ သူများပြောကြတယ်၊

ကျုပ်ဖြင့် တစ်ခါမျှမမြင်ဖူးပါဘူး”

လက်ထဲသို့ မည်သည့်နည်းနှင့် ရောက်လာသည်ဟု မသိရဘဲ ဦးကလိန် လက်ထဲတွင် ခြောက်လုံးပြူးသည် မဂျမ်းမေရင်ဝသို့ ချိန်ရွယ်လျက်ရှိလေ၏။ မဂျမ်းမေသည် ရုတ်တရက်ထ၍ မျက်နှာတစ်ခုလုံး ဒေါသဖြင့် နီလျက် အလွန်တရာ ကြောက်စရာကောင်းသော အမူအရာ ပေါ်လာလေ၏။

ဂျမ်း။ ။ “ကုလားကို ဂျမ်းသို့ပေးမှ အေးကြမယ်၊ ရှင်ဟာ ဂျမ်းအလုပ်မှချည်းပဲ ဝင်ရှုပ်နေတယ်။ ဂျမ်းမှာလည်း သည့်ပြင်ကိစ္စတွေများလွန်းလို့ ရှင့်ကိုပဲ ကလဲ့စားမချေဖြစ်သေးဘူး။ ဒီကုလားကိုပေးလျှင် ရန်အေးကြလိမ့်မယ်။ မပေးလျှင် မကြာခင် ရှင်ဟာ အပေါက်ကျဉ်းကလေးနဲ့ သေရလိမ့်မယ်”

လိန်။ ။ “ကုလားကိုတော့ မပေးနိုင်ဘူး”

ဂျမ်း။ ။ “ဒီလိုလား .. ဂျမ်းရဲ့သတ္တိ၊ ဗျူဟာကို စမ်းချင်သပေါ့လေ” ဆို၍ ထွက်သွားလေ၏။

အိမ်ရှေ့တံခါးပေါက်ကျအောင် ဦးကလိန်က လိုက်သွား၍ အခန်းသို့ ပြန်ဝင်သောအခါ မဂျမ်းမေ၏ လက်ဆွဲအိတ်ကလေး စားပွဲအောက်နားက ကြမ်းပေါ်တွင် ကျနေရစ်ခဲ့ကြောင်းကိုသိရ၏။ ဦးကလိန်က ကောက်ယူလိုက်သောအခါ လက်ဆွဲအိတ်ထဲက တစ်စုံတစ်ရာ အနည်းငယ်လှုပ်ရှားကြောင်း သိရသည်နှင့် အလွန်ထိတ်လန့်ပြီးသကာလ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်ပြီးလျှင် ထိုအိတ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်လေ၏။ (အမယ်လေး ကံကောင်းလို့ နည်းနည်းလိုတော့တယ်) ဟု ဆိုပြီးလျှင် လက်ကိုင်တုတ်ကိုယူလျက် အိတ်၏အဝကို တဖြည်းဖြည်း ထိုးဖွင့်လေ၏။ ထိုအိတ်ထဲမှ တစ်ထွာခန့်ရှိသော ဝါကျင့်ကျင့်အရောင် ဦးခေါင်း ပြားပြားနှင့် မြွေကလေးကို လက်ကိုင်တုတ်နှင့် စိစိညက်ညက်ကြေအောင် ရိုက်သတ်ပြီးလျှင် လမ်းမသို့ပစ်လိုက်လေ၏။ ထိုမြွေသည်ကား အာဖရိကတိုင်း အီဂျစ်ပြည်တွင်ရှိသော အလွန်အဆိပ်ထန်သော မြွေမျိုးဖြစ်၏။ ထိုသို့ မြွေကို သုတ်သင်ပြီးသောအခါ (အာဂဂျမ်းမေပဲ၊ အမှတ်တမဲ့နှင့် ဒီအိတ်ကိုဖွင့်မိလျှင် ငါ ကိစ္စတုံးပြီပဲ) ဂျမ်းမေဟာ ငါသေပြီဆိုတဲ့အသံကို ခပ်လှမ်းလှမ်းကနေပြီး နားထောင်နေမှာပဲ။ သူ့နောက်က နောက်ယောင်ခံလိုက်ပြီး သူနေတဲ့အိမ်ကို သိတဲ့အခါ ပုလိပ်နှင့် တို့ပေးမှတော်မယ်၊ ငါက စမလုပ် လျှင်လည်း သူက ငါ့ကိုလုပ်မှာပဲ။ ဆယ်မိနစ်လောက်ကြာသောအခါ သဘော်ခလာသီယောင်ဆောင်၍ အိမ်နောက်ဖေးကထွက်ပြီးလျှင် လမ်းမသို့ လျှောက်သွားလေ၏။ ငမိုးနှင့် မိုက်ခဲတို့သည် ရုပ်ပြောင်းရုပ်လွှဲဝတ်ဆင်လျက် ဦးကလိန်အိမ်ရှေ့ကို မြင်လောက်သောနေရာမှ

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် နေလေ၏။ သဘော်ကုလားယောင် ဆောင်သော ဦးကလိန်သည် ခါတ်မီးတိုင်ကိုမှီလျက် ကုလားသတင်းစာ တစ်စောင်ကို ဖတ်နေလေ၏။ မိုက်ခဲက သူ၏ အဖော်အား အခုလောက်ကြာ လျှင် ဟိုအကောင်ကြီးကို မြွေကိုက်သေလောက် ပြီဟု တီးတိုးပြောသံကို ကြား ရ၏။ နောက် လေးငါးမိနစ်လောက်ကြာသောအခါ မဂျမ်းမေသည် သူတောင်း စားမကဲ့သို့ဝတ်ဆင်လျက် သံဇလုံအပဲ့တစ်ခုကို ခေါင်းမှာရွက်၍ သုတ်သုတ် လျှောက်လာ၏။ မဂျမ်းမေ၏နောက်က မိုက်ခဲနှင့် ငမိုးတို့လိုက်သွားလေ၏။ လမ်းထောင့်သို့ရောက်သောအခါ မိုက်ခဲငမိုးတို့သည် ဦးကလိန်အိမ်မှ ဘာသံမှ မကြားကြောင်းပြော၏။ ဦးကလိန်သည် အမှတ်တမဲ့ နောက်ယောင်ခံ၍လိုက်ရာ ထိုသို့သတင်းပေးသည်ကို သန့်သန့်ကြားလိုက်ရ၏။ မဂျမ်းမေက ထိုလူနှစ် ယောက် မည်သို့ အမိန့်ပေးလိုက်သည်ကိုကား မသိရပေ။ မဂျမ်းသည် လျှောက် မြဲလျှောက်သွားလေ၏။ လူနှစ်ယောက်သည် ဦးကလိန်အိမ်သို့သွား၍ မေးမြန်း သည်နှင့် တရုတ်ဆင်ဆောင်က ဦးကလိန်သည် ညနေကပင် အိမ်ကထွက်သွား ကြောင်း၊ မဂျမ်းမေအတွက် စာတစ်စောင် ရေးသားခဲ့ကြောင်းပြောဆို၍ ထိုသူ နှစ်ယောက်အား စာတစ်စောင်ကို ပေးလိုက်လေ၏။

(စာ)

မဂျမ်းမေရဲ့မြွေကလေးအဆိပ်နှင့် သေဖို့ နည်းနည်းကလေးလိုတော့ တယ်၊ ကံကောင်းလို့။ လက်ဆွဲအိတ်ကလေးလိုချင်ရင် ပန်းဆိုးတန်းဂါတ်မှာ သွားတောင်းပါတော့။

ဤစာကို မဂျမ်းမေသို့ ပေးသောအခါ မဂျမ်းမေသည် စာကို ဆုတ်ချေ ပြီးလျှင် (ကုလားကို ဒီနေ့ည သူစားမပစ်နိုင်ပါဘူး၊ တခြားကို တိတ်တိတ်ရွှေ့ မသွားနိုင်အောင်သာ စောင့်ကြည့်ပေတော့၊ ကျုပ် အိမ်ပြန်ဦးမယ်ဆို၍ မဂျမ်းမေ ထွက်သွားလေ၏။ ဦးကလိန်သည် မဂျမ်းမေ နောက်ယောင်ခံပြီး လိုက်သွား လေ၏။ နာရီဝက်လောက်ကြာသောအခါ မဂျမ်းမေ၏ပုန်းလျှိုးနေသော နေအိမ် ကို သိခဲ့သဖြင့် ဝမ်းသာအားရစွာနှင့် အိမ်သို့ပြန်လာသောအခါ ကုလားသည် အိပ်ရာခန်း၌မရှိ၊ ဧည့်ခန်း ပက်လက်ကုလားထိုင်ကြီးပေါ်တွင် အိပ်ပျော်နေ သည်ကို တွေ့ရ၏။ စားပွဲပေါ်တွင် အဆုံးမသတ်သော စာတစ်စောင်ကို တွေ့ ရ၏။ စာကိုကောက်ယူဖတ်ကြည့်သောအခါ

(စာ)

"ကျွန်ုပ်ကို လက်ခံသိမ်းပိုက်ထားသော အိမ်ရှင်ခင်ဗျား

ကျွန်ုပ်သည် အိန္ဒိယနယ်၊ မဟာရာဇာမင်းသားဖြစ်ပါသည်။ ကျွန်ုပ်သည် မင်တိုမင်ရှင်ဟိုတယ်မှာ ခေတ္တနေပါသည်။

ကျွန်ုပ်၏ ပြင်သစ်လူမျိုး အတွင်းဝန်ဆင်တင်ဆိုသူကို ခေါ်လိုက်ပါ။ လာပါလိမ့်မည်။ မိတ်ဆွေအား များစွာဆုလာဘ်ပေး၍ ကျေးဇူးဆပ်ပါမည်။ အခြားသော ကျွန်ုပ်၏အစေခံများကို မသိစေပါနှင့်။ ကျွန်ုပ်ကိုကျွန်ုပ်နှင့်အတူ ကွန်တီနင်တယ်ဟိုတယ်မှာ တနင်္ဂနွေနေ့ညက ညစာစားပွဲ အတူထိုင်ခဲ့သော မိန်းမချောချော လုလုက ဆေးခတ်သဖြင့် သတိလစ်ရခြင်းဖြစ်ပါသည်။ ယခု စာရေးနေရင်း သတိလစ်သလိုလိုဖြစ်နေပါသည်။ ထိုမိန်းမ၏အမည်မှာ ..

ဤသို့တစ်ပိုင်းတစ်စရေးထားသော အင်္ဂလိပ်စာကို တွေ့ရ၍ ထိုကုလားသည် နယ်မဟာရာဇာကုလားမင်းသားဖြစ်ကြောင်း အိပ်ရာကနိုး၍ အနည်းငယ် သတိရသောအခါ ထိုစာကိုရေးကြောင်း၊ စာရေးဆဲတွင် သတိပြန်၍ လစ်သွားကြောင်း။ အိပ်ရာကတစ်ဖန် နိုးပြန်လျှင် သတိပြန်ရနိုင်လိမ့်မည်ဖြစ်ကြောင်း စဉ်းစား၍ မင်တိုမင်ရှင်က ကုလားမင်းသား၏ အတွင်းဝန်ထံသို့ တယ်လီဖုန်း ဆက်သွယ်၍ခေါ်လေ၏။ ဆင်တင်ရောက်လာသောအခါ ဆရာဝန်ကြီး မစ္စတာ မာရီကိုခေါ်ပြီးလျှင် ဆင်တင်နှင့်တကွ ဆရာဝန်ပါ ကုလားမင်းသားကိုယူ၍ မင်တိုမင်ရှင်သို့ပို့လေ၏။ ဆင်တင်အား မိမိသည် ဦးကျူးလေးဖြစ်ကြောင်း၊ နက်ဖြန်မှ တစ်ဖန်လာရမည်ဖြစ်ကြောင်း ပြောဆိုပြန်လာခဲ့ပြီးလျှင် ပန်းဆိုးတန်း ပုလိပ်ဌာနတွင် နာမည်ကျော် မိန်းမလူစွမ်းကောင်း ဘန်ကောက်သူ မဂျမ်းမေ သည် ရန်ကုန်မြို့၌ ရောက်ရှိကြောင်း၊ သူ၏တပည့် လူစွမ်းကောင်း ငမိုးနှင့် မိုက်ခဲတို့လည်း မဂျမ်းမေနှင့်အတူရှိကြောင်း၊ ၎င်းတို့၏ပုန်းလျှိုးနေသော အိမ်နံပါတ် လမ်းနံပါတ်နှင့်တကွ ပြောပြခဲ့လေ၏။ မိမိအိမ်သို့ ဝင်မည်ကြံသောအခါ နားနားက ဝီခနဲအသံကြားလိုက်၍ တံခါးတွင် ဓားမြှောင်တစ်စင်း စိုက်နေသည် ကိုတွေ့ရလေ၏။

လိန်။ ။ "သီသီကလေးလိုတော့တယ်၊ ကိုယ်နှင့်ခေါင်း အိုးစားကွဲမယ်လို့။ မိုက်ခဲဟာ သေနတ်ပစ်၊ တုတ်ရိုက်၊ ဓားထိုးသာကောင်းသလားမှတ်တယ်၊ ဓားပစ်များလည်း အကောင်းသားပဲ" ဆို၍ အိမ်ပေါ်သို့တက်သွားလေ၏။

မိုးလင်းသောအခါ ဟိုတယ်သို့သွားလျှင် အတွင်းဝန်ဆင်တင်က မင်းသားသည် အလွန်မကျန်းမမာဖြစ်နေကြောင်း၊ ပုလိပ်များက ဦးကျူးလေးကို စစ်ဆေးလို၍ ဟိုတယ်အပြင်ဘက်တွင် စောင့်နေကြောင်း မင်းသားသဘောမှာ ဤကိစ္စနှင့်ပတ်သက်၍ ပုလိပ်များအား တစ်စုံတစ်ရာ သတင်းမပေးလိုကြောင်း

ပြောရှာ၏။ ဦးကာလိန်က ဤအကြောင်းနှင့် တစ်စုံတစ်ရာ ပုလိပ်ကို မသိစေလိုလျှင် သူ ကိုယ်တိုင်က ပုလိပ်ကိုပြောလိမ့်မည်မဟုတ်ကြောင်း၊ ပုလိပ် နှင့်မတွေ့ရအောင် နောက်ဖေးပေါက်က ထွက်သွားမည်ဖြစ်ကြောင်း၊ မင်းသား ကျန်းမာတော်မူမှ တစ်ခေါက်ပြန်လာဦးမည်ဖြစ်ကြောင်း ပြောဆိုထွက်သွားလေ ၏။ လမ်းတွင် မိမိအတွင်းအိတ်ကပ်၌ သိုဝှက်ထားသောစိန်လက်စွပ်ကြီးကို စမ်းသပ်၍ (အင်း ဒီလက်စွပ်ကြီးတော့ အနည်းဆုံး ခုနစ်ထောင်ပဲ၊ မင်းသားကလေး ကျန်းမာလာလျှင် တစ်သောင်း–ကိုးထောင်လောက်တော့ အေးအေး ဆုတော်ငွေအဖြစ် ရဦးမှာပဲကိုး၊ ကံချွန်တဲ့ ဘိုးကာလိန်၊ ထိန်ထိန်တောက်အောင် မော်လိုက်၊ သုံးလိုက် ရဦးမှာကိုး၊ မဂျမ်းမေတို့လူစုဖြင့် တို့လူစုနှင့် ငါ့စနက်မီးကြောင့် ဗမာပြည်ကြီးက လွင့်သွားရရှာပြီ သနားလိုက်ပါဘိတော့တယ်၊ အင်း … အင်း ဉာဏ်ထိန်တဲ့ ဦးကာလိန် နေ့လယ်စာ စားချိန် တော်ပေမင့်ကိုး) ဆို၍ ပို တယ်သို့ နေ့လယ်စာ စားရန် ဝင်သွားလေ၏။

❐



# ဉာဏ်သမားဦးကလိန်က ဦးပေါ ကို လိမ်ပုံ

ဦးကလိန်သည် လူအပေါ်မှာ အညွန့်ခူးစား၍ လူမှန်းများသော သူတို့သည် နေရာနှင့် နာမည်ကို မကြာခဏ ပြောင်းလဲနိုင်မှသာလျှင် ကြာရှည်လေးမြင့်စွာ နေနိုင်၊ ကြံနိုင်ခွင့်ရသည်ဟု စဉ်းစားမိ၏။ ဤသို့သောအကြံအစည်သည် ယခု တစ်ခါတွင်သာ ပေါ်သည်မဟုတ်မူ၍ အထက်ထက်ကလည်း ထိုသို့ပင် စဉ်းစား ဉာဏ်ပေါ်လေသည်။ သို့ရာတွင် ကုလားမင်းသားကိစ္စနှင့် မဂျမ်းမေတို့ကိစ္စ ပြီးသည့်နောက်မှာကား ပုလိပ်တို့၏ ဘေးရန်ကို ကြောက်သည့်အတွက်ကြောင့် တစ်ကြောင်း၊ မဂျမ်းမေ၏အဆက်အနွယ်များရန်ကိုလည်း ကြောက်သည့် တစ်ကြောင်းတို့ကြောင့် ညတွင်းချင်းပင် အခြားနေရာသို့ ပြောင်းရွှေ့သွားလေ၏။ ပြောင်းရွှေ့မည်ကြံသောအခါ လူယုံ၊ အစေခံ၊ တရုတ်ဆင်ဆောင်ကို ခေါ်လျက် ဆင်ဆောင် နေနေကျဖြစ်သော တရုတ်တန်း၊ အခမ္ဗလမ်းကြားသို့ ဆင်ဆောင်ကို ခေတ္တသွားရောက်စေပြီးလျှင် မိမိမှာမူကား ရန်ကုန်မြို့၊ ကမ်းနားရှိ စထရင်း ဟိုတယ်သို့ ပြောင်းရွှေ့သွားလေ၏။ ဆင်ဆောင်ကိုလည်း မိမိအလိုရှိ သည့်အခါ ချက်ချင်းရနိုင်ရအောင် အခမ္ဗလမ်းကြားက ဘယ်ကိုမှ မသွားဘဲ စောင့်ဆိုင်းနေရန် မှာလိုက်၏။

ဦးကလိန်သည် ဟိုတယ်သို့ရောက်သောအခါ စားပွဲထိုးအကြီးအမှူးအား မိမိအတွက် စားပွဲလွတ်တစ်ခု၊ အခြားဧည့်သည့်နှင့်ဝေးသော နေရာမှာ တည်ခင်းရန်၊ စားစရာမှာလည်း နံနက်စာ၊ နေ့လယ်စာ၊ ညစာ အစရှိသည်တို့ကို မိမိအလိုကျ အကောင်းဆုံး ချက်ပေးရန် အဖိုးအခမှာလည်း အခြားသောဧည့်သည်များ

ထက် ခြားနားထူးကဲစွာ ချက်ပြုတ်ပေးရသည့်အတွက် ထိုက်သင့်သလောက် ပိုမိုတောင်းခံရန် မှာထားလေ၏။

ထိုသို့ စားပွဲထိုးအကြီးအမှူးနှင့် စကားပြောအပြီးတွင် ဟိုတယ်စာရေး စားပွဲနားမှာ ဦးကလိန်ကဲ့သို့ပင် ထွားကျိုင်းသောလူကြီးတစ်ယောက်သည် အသံကျယ်ကျယ်နှင့် ၎င်းသူအတွက် စိတ်တိုင်းကျ စားစရာ ချက်ပြုတ်ကျွေး စေရန်မှစ၍ ၎င်းသူနှင့်တစ်စားပွဲတည်းထိုင်၍ စားသောက်မည့်ဧည့်သည် အဖိုး အခကို တွက်စစ်စေခြင်းမရှိဘဲ စားသောက်လိုက်သောလူကိုမှ ၎င်းသူနှင့်အတူ စားပွဲထိုင်ရန် စီမံပေးစေလိုကြောင်း၊ ၎င်းသူသည် ပစ္စည်းဥစ္စာ အလွန် ကြွယ်ဝ သော ဦးပေါအမည်ခံ သူဌေးကြီးဖြစ်ကြောင်းပြောသည်ကို ကြားရ၍ စားပွဲထိုး အကြီးအမှူးသည် ဦးကလိန်အား သူဌေးကြီးဦးပေါနှင့် တစ်စားပွဲတည်းထိုင်ရန် ကန့်ကွက်လိုပါသလားဟု မေးသော် ဦးကလိန်က တစ်စုံတစ်ရာ ကန့်ကွက်ဖို့ မရှိကြောင်း၊ ထိုသူဌေးကြီးနှင့်အတူ စားပွဲထိုင်ရလျှင် ဝမ်းသာပြီ ဖြစ်ကြောင်း ပြော သဖြင့် စားပွဲထိုးအကြီးအမှူးသည် ဦးပေါထံသို့ လျင်မြန်စွာသွား၍ ဦးပေါကို သဘောကျသော ပုဂ္ဂိုလ်တစ်ဦးရှိကြောင်းကို ပြောပြ၏။ ဦးပေါကလည်း ထိုပုဂ္ဂိုလ် သည် လူကုံထံဖြစ်ခဲ့လျှင် သဘောတူမည်ဟု ပြန်ပြောလိုက် ၏။

ကမ်းနားဟိုတယ်စာရင်းတွင် ဦးကလိန်က ၎င်း၏အမည်ကို ဦးလှိုင်းဖြစ် ကြောင်း စာရင်းပေး၏။ သူဌေးဦးပေါသည် ယိုးဒယားပြည်၊ ဗန်းမော်အထက်၊ တရုတ်နယ်စပ်များသို့ သွားရောက် ရွှေတွင်း၊ ကျောက်စိမ်းတွင်းများ တူးဖော် ရာ အလွန်ဆင်းရဲခဲ့ဖူးသူဖြစ်၏။ ကံအခွင့်ပေးသဖြင့် ဗန်းမော်–မြစ်ကြီးနားရှိ ရှမ်းကုန်၊ ရှမ်းတရုတ်ကုန်များကို ကူးသန်းရာမှ ဇရပွအကျိုးပေး၍ သူဌေးကြီး ဖြစ်ရလေသည်။ ဦးကလိန်ခေါ် ဦးလှိုင်းနှင့် သူဌေးဦးပေါတို့ ညစာ စားပွဲထိုင် ပြီးနောက် ဟိုတယ်ဝရန်တာတွင် အရက်သောက်ရင်း စကားပြောနေကြရာ ဦး ကလိန်က အလွန်ဉာဏ်ထိုင်းမှိုင်းသောသူကဲ့သို့ ဟန်ဆောင်လျက် သူဌေးဦး ပေါနှင့် မိတ်ဆွေဖြစ်လိုသောသဘောမျိုး အောက်ကျို့စကားပြော၏။ ၎င်းအပြင် မိမိသည် ပစ္စည်းများစွာမကြွယ်ဝသော်လည်း တော်သင့်ရုံပစ္စည်းရှိသော အမှု အရာ အရိပ်အမြွက်ကို ပြော၏။

ပေါ။ ။ "လူတို့မှာ အစားကောင်းကောင်းစား၍ ကောင်းစွာနေထိုင်နိုင်သော သူ သည် အကြံအစည်မှစ၍ (ကြံတိုင်းအောင် ဆောင်တိုင်းမြောက်) တတ်ပေသည်။ အစားအစာအနေအထိုင်၌ စေးနှဲကုတ်ကတ်သောသူတို့သည် အကြံအစည်၌ ဆုံ့ပါး၍ အလုပ်အကိုင်မှာမူ လိုရာခရီးသို့မပေါက်ဘဲ ပျက်စီးတတ်ကြလေသည်။

လှိုင်း။ ။ မှန်ပါတယ် သူဌေးကြီးရဲ့၊ ကျွန်တော်သည် ဉာဏ်ပညာရှိတဲ့လူ တစ်ယောက်မဟုတ်ပါ၊ အစားအစာမှာတော့ကော ဘယ်လိုအစားမျိုးကိုကြိုက်လို့၊ ဘယ်လိုအစားမျိုး မကောင်း၊ မကြိုက်နိုင်ဘူးဆိုတာလောက်တော့ သိပါရဲ့၊ ငွေ ၅ ဖိုးနဲ့ ကောင်းစွာ မြိန်ရှက်စွာ စားနိုင်တယ်ဆိုသော်လည်း ငွေ ၁၀ ပေး၍ စားလေ့ရှိပါတယ်။ ချို၊ ဆိမ့်၊ အီ မြိန်သောအစာကိုသာ ရွေး၍စားတတ်သူလည်းမဟုတ်ပါ။ ကျွန်တော် အဲဒီလိုလူမျိုးပါ။ တည့်တည့်၊ နေးနေး လူစားထဲကဖြစ်လို့ ကျွန်တော်နေသော တောမြို့ကလေးမှာ ကျွန်တော့်ကို အနွံဦးလှိုင်းလို့ ပြက်ရယ်ခေါ်ကြပါတယ်။

ပေါ။ ။ ကျွန်တော်လည်း ဒီလိုပဲ။ ခင်ဗျားဟာ (ဂျင်းနံတဲလ်မင်း)ခေါ် သမာဓိသိက္ခာနှင့် လူကြီးလူကောင်း အခေါ်ခံချင်တဲ့လူမျိုး မဟုတ်ဘူးပေါ့၊ ကျွန်တော်လည်း ဒီလိုပါပဲ၊ ကျွန်တော့မှာ သောက်သောက်လဲအောင် ပစ္စည်းချမ်းသာသော်လည်း (ဂျင်းနံတဲလ်မင်း)အခေါ်မခံရဘဲ တော်သလို လျော်သလို ကိုယ်နေချင်သလို နေရတာ စည်းစိမ်အရှိဆုံးပဲလို့ သဘောရပါတယ်။ မိဘအိမ်က ထွက်သွားပြီးတဲ့နောက် ဆင်းရဲဒုက္ခနှင့် အများကြီးတွေ့ခဲ့ရဖူးတယ်။ ကံကောင်းချင်တော့လည်း ချမ်းသာလာတာပဲ။

လှိုင်း။ ။ (ခေါင်းကို နေးနေးဆေးဆေးညိတ်လျက်) အင်း ... အင်း ... သူဌေးကြီးရဲ့သတ္တိ ဇွတ္တိမျိုး၊ သူဌေးကြီးရဲ့ဗဟုသုတမျိုးကို ကျွန်တော် ရချင်ပါတယ်၊ နို့ပေတဲ့ မွေးဖာတာနှင့်တကွ အကြံမရှိ၊ ဉာဏ်မရှိ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာခဲ့ရတာ ... ဤသို့ပြောဆို၍ တစ်ညအိပ်ကြလေ၏။

နောက်တစ်နေ့တွင် သူဌေးဦးပေါသည် ဦးလှိုင်းကို ငယ်သူငယ်ချင်း မိတ်ဆွေရင်းများကဲ့သို့ ခင်မင်လာပြီးလျှင် အတွင်းစကားများကို ထုတ်ဖော်ပြောလေ၏။ ပြောပုံမှာ ဦးပေါသည် မြစ်ကြီးနားမြို့၌ ရွှေကျင်၍စားသောက်နေသောအခါ မိတ္ထီလာကျေးလက်သူ အစေခံမကလေးတစ်ယောက်နှင့် ချစ်ကြိုက်ဖူးကြောင်း၊ ထိုသူငယ်မကလေးနှင့် မြစ်ကြီးနားမှ ခွဲခွာထွက်လာရပြီးနောက် ဦးပေါသည် မန္တလေးမြို့၌ သူဌေးဖြစ်နေသောအခါ ရည်းစားဟောင်းနှင့် ပြန်၍တွေ့ရကြောင်း၊ ထိုရည်းစားဟောင်း၏အမည်မှာ (မယ်ကျေး)ဖြစ်ကြောင်း၊ မယ်ကျေးသည် ဦးပေါနှင့်ကွဲပြီးနောက် တရုတ်ကျောက်စိမ်းသူဌေးကြီးနှင့် အကြောင်းပါ၍ သူဌေးကြီးသေသောအခါ ပစ္စည်းကြွယ်ဝသော သူဌေးကတော် မုဆိုးမဖြစ်လာရာတွင် ဆိုခဲ့သည့်အတိုင်း ဦးပေါနှင့် မန္တလေးမြို့တွင် ပြန်၍တွေ့ကြောင်း၊ မယ်ကျေးမှာ အသက် ၄၀ တွင်ပင် ဖြစ်သော်လည်း အပျိုဘဝကဲ့သို့ပင် ရုပ်ရည်